# "လူသားချင်းစာနာမှု အကူအညီများအား လက်နက် အနေဖြင့် အသုံးချမှု ရပ်" လူထု လှုပ်ရှားမှု ကြေညာချက်။

**သတင်း ထုတ်ပြန်ချက်**

**အမှတ်စဥ်။ ။ ၇/၂၀၂၅** **ဇွန် ၃ ရက်၊ ၂၀၂၅ ခုနှစ်။**

**"လူသားချင်းစာနာမှု အကူအညီများအား လက်နက်အနေဖြင့် အသုံးချမှု ရပ်" (STOP WoA)** လူထု လှုပ်ရှားမှုသည် အကြမ်းဖက် စစ်အုပ်စုမှ နိုင်ငံတကာ အသိုင်းအဝိုင်း နှင့် အဖွဲ့အစည်းများ ပေးပို့သော ငလျင် ကယ်ဆယ်ရေး လူသားချင်းစာနာမှု အကူအညီများကို နိုင်ငံရေးနှင့် စစ်ရေး လက်နက်အဖြစ် အလွဲသုံးစားလုပ် အမြတ်ထုတ်ခြင်းများကို တားဆီးကာကွယ်ရန်၊ ငလျင်ဘေးသင့် ပြည်သူများထံ အကူအညီများ တိုက်ရိုက်ရောက်ရှိစေရန်နှင့် လူသားချင်းစာနာ အကူအညီများ လက်နက်သဖွယ် အသုံးချခံရမှုများမှ ရပ်တန့်စေမည့် နည်းလမ်းများကို လုပ်ဆောင်ရန် နိုင်ငံတကာ အစိုးရများ၊ အာဆီယံ၊ ယူအန် အေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) များအား စည်းရုံးလှုံ့ဆော် တိုက်တွန်း သွားမည် ဖြစ်သည်။

ယခု လှုပ်ရှားမှုကို ပြည်သူလူထုနှင့်အတူ ပြည်တွင်း၊ ပြည်ပ တော်လှန်ရေးနှင့် အရပ်ဘက် အဖွဲ့အစည်းများသည် ဇွန်လ ပထမ အပတ်မှ နောက်ဆုံးအပတ် ထိ ပူးပေါင်း ဆောင်ရွက်မည် ဖြစ်သည်။

**"Stop WoA" လူထု လှုပ်ရှားမှု၏ ရည်ရွယ်ချက်များ။**

၁။ ၂၀၂၅ စစ်ကိုင်း ငလျင် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ပစ္စည်းများအား အကြမ်းဖက် မြန်မာစစ်အုပ်စုက ၎င်းတို့၏ နိုင်ငံရေးနှင့် စစ်ရေးအတွက် လက်နက်သဖွယ် အလွဲသုံးစားလုပ် အမြတ်ထုတ်ခြင်းများကို ထုတ်ဖော်ပြောဆိုရန်။

၂။ ၎င်းတို့၏ လုပ်ရပ်များတွင် ပါဝင် အားဖြည့်နေသည့် အဖွဲ့အစည်းများ၊ အစိုးရများနှင့် တသီးပုဂ္ဂလများအား ရပ်တန့်ရန်အတွက် စည်းရုံးတိုက်တွန်းနှိုးဆော်ရန်။

၃။ နာဂစ် (၂၀၀၈)၊ မိုခါ (၂၀၂၃) နှင့် ရာဂီ (၂၀၂၄) တို့ကဲ့သို့ ပြည်သူများ၏ နာကျင်ခံစားရမှုများကို အသုံးချ၍ စစ်အုပ်စုက အမြတ်ထုတ်သည့် လုပ်ရပ်များ သမိုင်း တပတ်လည် ထပ်မံ မဖြစ်ပေါ်စေရန်အတွက် ကာကွယ်တားဆီးရန် ယခုလှုပ်ရှားမှုက ရည်ရွယ်ပါသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး တောင်ပိုင်းတွင် ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိ ငလျင်နှင့် နောက်ဆက်တွဲ ငလျင်များပါ လှုပ်ခတ်ခဲ့ပြီးနောက် ပြည်သူလူထု သောင်းနှင့်ချီ အသက်အိုးအိမ် မြောက်များစွာ ပျက်စီး ဆုံးရှုံးခဲ့ရသည်။ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် နေပြည်တော် စသည့်

ငလျင် ထိခိုက်ခဲ့သော နေရာများတွင် အနည်းဆုံး ပြည်သူ ၄,၄၉၃ ဦး သေဆုံးပြီး ၁၁,၃၆၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရာပေါင်းများစွာ ပျောက်ဆုံးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၉ မှ မေလ ၂၂ ရက်အတွင်း ငလျင်ဘေးဒဏ် ခံစားရသည့် မန္တလေး၊ စစ်ကိုင်း၊ ပဲခူး (အရှေ့)နှင့် ရှမ်း(တောင်) အပါအဝင် ဒေသ ၁၅ခုတွင် စစ်အုပ်စုသည် အရပ်သားပြည်သူများကို ပစ်မှတ်ထားသော လေကြောင်းဗုံးကြဲတိုက်ခိုက်မှု အကြိမ်ရေ အနည်းဆုံး ၄၁၄ ကြိမ် တိုက်ခိုက်ခဲ့သည်။ ကလေးငယ် ၅၉ ဦး အပါအဝင် အရပ်သား အနည်းဆုံး ၃၄၉ ဦးသေဆုံးခဲ့ပြီး ၇၇၆ ဦးထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။ စာသင်ကျောင်း ၃၁ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၆ ခုနှင့် ဘာသာရေး အဆောက်အဦး ၃၈ ခု ပျက်စီးဆုံးရှုံးခဲ့သည်။

သမိုင်းတွင် စစ်အုပ်စုသည် လူသားချင်းစာနာမှုအကူအညီများကို လက်နက်သဖွယ်အဖြစ် အလွဲသုံးစားလုပ် အမြတ်ထုတ်ခြင်းကို စဉ်ဆက်မပြတ် တွေ့ရှိရသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်း၊ ၂၀၂၃ ခုနှစ် မိုခါဆိုင်ကလုန်းနှင့် ၂၀၂၄ ခုနှစ် ယာဂီတိုင်ဖွန်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွင်း စစ်အုပ်စုသည် နိုင်ငံရေးနှင့် စစ်ရေးထိန်းချုပ်မှုအတွက် လူသားချင်း စာနာမှုအကူအညီများကို နှောင့်ယှက်ခြင်း၊ ပိတ်ပင်ခြင်းနှင့် လက်နက်သဖွယ်အသုံးချခြင်းများ ပြုလုပ်ခဲ့သည်။ ယခုအခါတွင်လည်း စစ်ကိုင်းငလျင်လှုပ်ခတ်ပြီးနောက် အလားတူအခြေအနေများ ဖြစ်ပေါ်နေကြောင်း ပြည်တွင်း သတင်းမီဒီယာများ နှင့် မြေပြင်သတင်းများအရ သိရှိရသည်။

*"စကစ ဘက်က သန်းခေါင်စာရင်းနဲ့ဝေတယ် ကိုယ်တွေကတော့ မရဘူး။ ဘေးပတ်ဝန်းကျင်ကိုမေးတော့ ကိုယ့်မှာရှိတဲ့ သန်းခေါင်စာရင်းက ပုံစံ (၁၀) ဒီကပဟာ မဟုတ်တဲ့အတွက် မရဘူးလို့ ပြောသံကြားတယ်။ ဆန်၊ မုန့်၊ ခေါက်ဆွဲခြောက်၊ အမျိုးသမီးသုံးပစ္စည်း၊ ဖုန်းဘောလ် အရပ်ဘက်အဖွဲ့တွေက လာလှူတာတွေတော့ ရတယ်။"* **စစ်ကိုင်းဒေသ - ငလျင်ဘေးမှ လွတ်မြောက်လာသူ**

နာဂစ် (၂၀၀၈)၊ မိုခါ (၂၀၂၃) နှင့် ရာဂီ (၂၀၂၄) တို့ကဲ့သို့ လူသားချင်းစာနာ အကူအညီများကို စစ်အုပ်စု ထိန်းချုပ်ထားသည့် လမ်းကြောင်းများ မှတဆင့်ဖြတ်သွားရပြီး မျှတစွာခွဲဝေဖြန့်ဖြူးမှုမရှိခြင်း (ထိခိုက်ခံစားရသူအားလုံးထံ မရောက်ရှိခြင်း)၊ စစ်အုပ်စု၏ မဟာမိတ် ခရိုနီများထံ လွှဲပြောင်းခြင်း၊ ပြည်သူလူထုကို စစ်အုပ်စုတို့ဖော်ပြလိုသည့်အတိုင်း သတင်းစာစောင်များမှ တဆင့် ဖော်ပြပြီး ၎င်းတို့၏ပုံရိပ်ကို မြှင့်တင်ခြင်း၊ စစ်အုပ်စုလက်အောက်ခံ စစ်သားများက နိုင်ငံတကာ အကူအညီများကို နာမည်ပြောင်းတပ်ကာ ၎င်းတို့လှူသည်ဖြစ်ကြောင်း ဖော်ပြခြင်း၊ စစ်အုပ်စုတို့နှင့် အဆက်အဆံမရှိသော ဒေသများထံ အကူအညီများမရောက်ရှိခြင်း၊ နာဂစ် အကူအညီများကို ၂၀၀၈ ဖွဲ့စည်းပုံ မဲဆွယ် စည်းရုံးသည့် နေရာတွင် အသုံးပြုခဲ့ခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံကို မဲပေးမှ ထိုကယ်ဆယ်ရေး အကူအညီများကို ပေးမည်ဟု ခြိမ်းခြောက်ခဲ့ခြင်း၊ စသည့် အကြောင်းအရာများစွာနှင့်တကွ အမှန်တကယ်လိုအပ်ခဲ့သော သဘာဝဘေးသင့် နေရာ၊ ဒေသနှင့် ပြည်သူများထံ မရောက်ခဲ့၊ ပြည်သူများ မရရှိခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့ပါသည်။

ယခု ၂၀၂၅ စစ်ကိုင်း လျှော်ဖြတ်အာကောင်စီ သာဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို အကြမ်းဖက် မြန်မာ စစ်အုပ်စုက ၎င်းတို့၏ နိုင်ငံရေးနှင့် စစ်ရေးအတွက် လက်နက်သဖွယ် အလွဲသုံးစားလုပ် အမြတ်ထုတ်ခြင်းများ သမိုင်း တပတ်လည် ထပ်မံ မဖြစ်ပေါ်စေရေး ကာကွယ်တားဆီးရန် အရေးတကြီး လိုအပ်နေပါသည်။

တရားမဝင် အကြမ်းဖက် စစ်အုပ်စုမှ အတင်းအဓမ္မ ကျင်းပရန် စီစဉ်နေသည့် အတုအယောင် ရွေးကောက်ပွဲတွင် လူသားချင်းစာနာ အကူအညီများကို နိုင်ငံရေးနှင့် စစ်ရေး လက်နက်သဖွယ် အလွဲသုံးစားလုပ် အမြတ်ထုတ်နိုင်ခြင်းများ ရှိနေသည့် အတွက် လွန်စွာစိုးရိမ်စရာကောင်းသည့် အချိန်အခါဖြစ်သည်။ စစ်အုပ်စုမှ တဆင့် ပေးပို့နေသော လူသားချင်း စာနာထောက်ထား အကူအညီ ငွေကြေးများသည် သွေးစွန်းငွေများ မဖြစ်လာစေရန် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အထူး သတိထားရန် လိုအပ်နေပါကြောင်း မိမိတို့မှ စိုးရိမ်ကြီးစွာ သတိပေးလိုပါသည်။

နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများမှ ပေးပို့သော လူသားချင်း စာနာအကူအညီများကို ငလျင်ဒဏ် ထိခိုက်ခံရသော ပြည်သူများထံ အမှန်တကယ် မျှတစွာ တိုက်ရိုက် ရောက်ရှိစေရန် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုအနေဖြင့် ယခု **“STOP WoA”** လူထု လှုပ်ရှားမှုတွင် မိမိတို့ ပါဝင်နိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော် တိုက်တွန်းအပ်ပါသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


မူလန်၊ သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု၊ bloodmoneycampaign21@protonmail.com

ဉာဏ်ဟိန်း၊ တိုးတက်သော မွတ်စ်လင်မ်လူငယ် အစည်းအရုံး၊ pmya.muslimyouth@gmail.com

မေနှင်း၊ မန္တလေးဒေသ အရေးပေါ်အခြေအနေ ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှု ကော်မတီ၊ mayhninmdy21@gmail.com

ရှင်းသန့်၊ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစု၊ strikeforces.sgg@gmail.com

ခင်ဉမ္မာ၊ ရှေ့ပြေးအသံ၊ info@progressive-voice.org

ဆောင်းနှင်း၊ သွေးချင်းတို့နှင့် အတူ၊ nngenge312@gmail.com

ဇူးဇူးမေယွန်း၊ နိုင်ငံရေး အကျဉ်းသူများ အဖွဲ့၊ zuzumayyoon2@gmail.com

ရင်လင်း၊ ဗမာ့ လူ့အခွင့်အရေး ကွန်ယက်၊ yinlin0104@gmail.com

စိုးနေဦး၊ သာသာပေါင်းစုံ ငြိမ်းချမ်းရေး အင်စတီကျူ၊ sheiksoenayoo@gmail.com


**အောက်ဖော်ပြပါ အဖွဲ့အစည်း ၅၅ ဖွဲ့မှ ပူးပေါင်းကာ “Stop WoA” လူထုလှုပ်ရှားမှု သတင်းထုတ်ပြန်ချက်ကို ကြေညာသည်။**

1. Ah Nah Podcast- conversations with Myanmar
2. Anti-Junta Forces Coordination Committee – Mandalay (AFCC)
3. ASR-ASSOCIATION of SPRING RAINBOW (ယိမ်းနွဲ့ပါး)
4. Athan - Freedom of Expression Activist Organization

5. Blood Money Campaign (BMC)
6. Burma Human Rights network (BHRN)
7. Chin Farmer Network (CFN)
8. CRPH & NUG Supporters Ireland
9. CRPH Funding Ireland
10. CRPH Support Group, Norway
11. Defend Myanmar Democracy (DMD)
12. Democracy Youths Myanmar
13. Educational Initiatives
14. Emergency Management Committee – Mandalay (EMC-MDY)
15. Free Rohingya Coalition (FRC)
16. General Strike Coordination Body (GSCB)
17. Generation Wave
18. Generations' Solidarity Coalition of Nationalities (GSCN)
19. Global Myanmar Spring Revolution (GMSR)
20. Human Right Educator Network (HREN)
21. India for Myanmar
22. Inter - Religious Institute for Peace (IRIP)
23. Justice and Equality Focus
24. Justice For Myanmar
25. Kachin Gender Star Group (KGSG)
26. Kachin Legal Aid Group (KLAG)
27. Karenni National Women's Organization (KNWO)
28. Kyae Lak Myay
29. Kyauktada Strike Committee (KSC)
30. Let's Help Each Others (LHEO)
31. Minority Affairs Institute (MAI)
32. Myanmar Muslim Revolution Force (MMRF)
33. Myanmar Student Union (ဗကသများ အဖွဲ့ချုပ်)
34. Myanmar Teachers' Federation (MTF)
35. Myanmar Tourism Committee (MTC)
36. Myanmar Women Parliamentarians Network
37. MyaYar Knowledge Tree
38. Nyan Lynn Thit Analytica
39. OCTOPUS Youth Organization - ရေဘဝဲ (ပြည်သူ့အကျိုးပြု လူငယ်အဖွဲ့အစည်း)
40. Progressive Muslim Youth Association (PMYA)

41. Progressive Voice
42. Queers of Burma Alternative
43. Sagaing Region Strike Force (စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစု)
44. Save Myanmar
45. Shan MATA
46. Sisters 2 sisters
47. Sitt Nyein Pann Foundation
48. Southern Initiative
49. Support Group for Democracy in Myanmar (The Netherlands)
50. Thway Chin Doe Hnint Atu
51. Women’s Organization of Political Prisoners (WOPP)
52. Yadanabon University Students' Unions (YDNBUSU)
53. Yangon Deaf Group
54. စာရင်းစစ်ရုံး CDM အဖွဲ့
55. ပြည်သူ့သပိတ်အင်အားစု